# 2017-2018
# CITIZEN'S BUDGET

## မွန်ပြည်နယ်၏
## ၂၀၁၇–၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်
## ရသုံးခန့်မှန်းခြေ
## ငွေစာရင်းဆိုင်ရာအချက်အလက်များ



# မွန်ပြည်နယ်၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်
# ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ
# (Citizen's Budget)

မွန်ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ထုတ်ဝေပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဥယျောဇဉ် | ၁ |
| ၂ | ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများတွင်ထုတ်ဝေလေ့ရှိသောစာစောင်များ | ၂ |
| ၃ | Citizen's Budget စာစောင်ဆိုတာဘာလဲ | ၃ |
| ၄ | ရသုံးခန့်မှန်းခြေငွေစာရင်း(Budget)ရေးဆွဲရာတွင်ဖြစ်ပေါ်နိုင်သည့်အခြေအနေ(၃)မျိုး | ၄ |
| ၅ | ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ ဝေါဟာရကောက်နုတ်ချက် | ၅-၆ |
| ၆ | နှစ်လတ်ဘဏ္ဍာရေးမူဘောင်နှင့် ပြည်ထောင်စုမှတိုင်းဒေသကြီး / ပြည်နယ်များသို့ ထောက်ပံ့ငွေပေးသည့်ညွှန်ကိန်းများ | ၇-၈ |
| ၇ | ဘတ်ဂျက်စက်ဝန်း(Budget Cycle) | ၉ |
| ၈ | ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတင်သွင်းခြင်း | ၁၀ |
| ၉ | မွန်ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာရေးဆွဲခြင်းနှင့် ဥပဒေအတည်ပြုခြင်း | ၁၁ |
| ၁၀ | နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ | ၁၂-၁၃ |
| ၁၁ | ပြည်နယ်အစိုးရအဖွဲ့၏ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ | ၁၄ |
| ၁၂ | မွန်ပြည်နယ်၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေများ | ၁၅ |
| ၁၃ | မွန်ပြည်နယ်၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အရအသုံးခန့်မှန်းခြေစာရင်းများနှင့် အခွန်အကောက်ရငွေလျာထားချက်များ | ၁၆ |
| ၁၄ | ပြည်ထောင်စုမှမွန်ပြည်နယ်သို့ ဘဏ္ဍာရေးနှစ်အလိုက်ခွဲဝေပေးသည့် အခွန်ဝေစုများနှင့် ထောက်ပံ့ငွေများ | ၁၇ |
| ၁၅ | မွန်ပြည်နယ်၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စုစုပေါင်းအသုံးစရိတ်ပေါ်တွင် ပြည်နယ်အဆင့် အဖွဲ့အစည်းများသို့ ခွဲဝေပေးထားသည့် အသုံးစရိတ်ရာခိုင်နှုန်း | ၁၈ |
| ၁၆ | လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး | ၁၉-၂၁ |
| ၁၇ | လျှပ်စစ်မီးရရှိရေး | ၂၂-၂၃ |
| ၁၈ | မြို့ပြဖွံ့ဖြိုးတိုးတက်ရေး | ၂၄ |
| ၁၉ | အမှိုက်သိမ်းစနစ်ကောင်းမွန်စေရေး | ၂၅ |
| ၂၀ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး | ၂၆ |
| ၂၁ | စိုက်ပျိုးရေရရှိရေးနှင့်ရေကြီးနစ်မြုပ်မှုမှကာကွယ်ရေး | ၂၇ |
| ၂၂ | သဘာဝဘေးအန္တရာယ်ကာကွယ်ရေး | ၂၈ |
| ၂၃ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၂၉ |
| ၂၄ | သောက်သုံးရေဖူလုံစွာရရှိရေး | ၃၀ |
| ၂၅ | စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေး | ၃၁ |
| ၂၆ | အားကစားဖွံ့ဖြိုးတိုးတက်ရေး | ၃၂ |
| ၂၇ | ပြည်သူများအားအဆင့်မီပြီးတန်ဖိုးနည်းအိမ်ရာများရောင်းချပေးနိုင်ရေးနှင့်အလုပ် အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေး | ၃၃ |
| ၂၈ | ဝန်ထမ်းများနေထိုင်ရေးအတွက်အိမ်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး | ၃၄ |

# ဥယျောဇဉ်

၂၀၁၇ ခုနှစ် မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ၂၈-၃-၂၀၁၇ ရက်နေ့တွင် မွန်ပြည်နယ်လွှတ်တော်မှ ဥပဒေအမှတ် ၃/၂၀၁၇ ဖြင့် အတည်ပြုခဲ့ပြီး မွန်ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဆိုသည်မှာ ပြည်သူ့ဘဏ္ဍာရန်ပုံငွေများသာဖြစ်ပါသည်။ မွန်ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သည့် ပြည်နယ်၏ ဘဏ္ဍာငွေများကို မွန်ပြည်နယ်အစိုးရက ပြည်သူ့ကိုယ်စားကိုင်တွယ်၍ စီမံခန့်ခွဲရခြင်းဖြစ်ပါသည်။ မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဘဏ္ဍာငွေများစီမံခန့်ခွဲရာတွင် ပြည်နယ်အတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ ပြည်သူလူထု၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာငွေများကိုစနစ်တကျခွဲဝေသုံးစွဲလျက်ရှိပါသည်။

ယခုထုတ်ပြန်သောစာစောင်သည် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုအနေဖြင့် နိုင်ငံတကာနည်းတူ ပြည်သူသို့ ချပြရမည့်ဘတ်ဂျက်ဆိုင်ရာအဆိုပြုလွှာများထဲမှ နိုင်ငံသားများအတွက်ဘတ်ဂျက် (Citizen's Budget) ဖြစ်ပါသည်။ ယခုထုတ်ပြန်သော စာစောင်ထဲတွင် မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သော ပြည်ထောင်စုအဆင့် လုပ်ငန်းစဉ်များမပါဝင်ဘဲ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မွန်ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲပိုင်ခွင့်ရှိသော ဌာန၊အဖွဲ့အစည်းများ၏ လုပ်ငန်းများသာဖြစ်ပါသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့၏ မူဝါဒရည်မှန်းချက်များအောင်မြင်စေရန် ထိရောက်ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြစ်စေရန်နှင့် ဘဏ္ဍာရေးဆိုင်ရာပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ၂၀၁၇ ခုနှစ် မွန်ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကိုအခြေခံ၍ ဘတ်ဂျက်ဆိုင်ရာပွင့်လင်းမြင်သာမှု မှတ်တိုင်အဖြစ် မွန်ပြည်နယ်၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (Citizen's Budget) စာစောင်ကိုထုတ်ဝေရခြင်းဖြစ်ပါသည်။ နောင်တွင်လည်း နှစ်စဉ်ထုတ်ဝေသွားမည် ဖြစ်ကြောင်းအစီရင်ခံအပ်ပါသည်။

ဒေါက်တာအေးဇံ
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်

## ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများတွင် ထုတ်ဝေလေ့ရှိသော စာစောင်များ

၁။ ဘတ်ဂျက်မရေးဆွဲမီ ဖော်ပြချက်

(Pre-Budget Statement)

၂။ အစိုးရအဖွဲ့မှ တင်ပြသည့် အဆိုပြုလွှာ

(Executive's Budget Proposal)

၃။ ဥပဒေပြဋ္ဌာန်းသည့် ဘတ်ဂျက်

(Enacted Budget)

၄။ နိုင်ငံသားများအတွက် ဘတ်ဂျက်

(Citizen's Budget)

၅။ နှစ်အတွင်းအစီရင်ခံစာ (သုံးလပတ်အစီရင်ခံစာ)

(In-Year Report)

၆။ ခြောက်လပတ်အစီရင်ခံစာ

(Mid-Year Reviews)

၇။ နှစ်ပတ်လည် အစီရင်ခံစာ

(Year End Report)

၈။ စာရင်းစစ်အစီရင်ခံစာ

(Audit Report)

ဤစာစောင်သည် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများနည်းတူ အစိုးရကပြည်သူများသိရှိစေရန်ထုတ်ပြန်ရမည့် စာစောင်(၈)စောင်အနက် တစ်စောင်အပါအဝင်ဖြစ်သော နိုင်ငံသားများအတွက် ဘတ်ဂျက် (Citizen's Budget) စာစောင်ဖြစ်ပါသည်။ မွန်ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနအနေဖြင့်ဤစာစောင်ကို အများပြည်သူလေ့လာသိရှိနိုင်ရန်နှင့် မွန်ပြည်နယ်အစိုးရမှ ဘတ်ဂျက်ခွဲဝေသုံးစွဲမှုအခြေအနေအား ပွင့်လင်းမြင်သာစွာ သိရှိစေရန် **ပထမဆုံးအကြိမ်** ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

## Citizen's Budget စာစောင်ဆိုတာဘာလဲ...

Citizen's Budget စာစောင်ဆိုတာ
တိုင်းပြည်ရဲ့ရငွေ၊သုံးငွေအခြေအနေတွေကို
အကျဉ်းချုပ်ပြီး ပြည်သူတွေသိအောင်
ပွင့်ပွင့်လင်းလင်း
ပြောပြထားတဲ့ စာစောင်ဖြစ်ပါတယ် ...



# ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ ဝေါဟာရ ကောက်နုတ်ချက်

## ရသုံးခန့်မှန်းခြေငွေစာရင်း(Budget)

တစ်မျိုးသားလုံး၏စီမံကိန်းအရ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေစုစုပေါင်း မည်မျှရရှိ၍၊ ယင်းငွေများကို မည်သည့်ကဏ္ဍတွင် မည်သို့မည်ပုံသုံးစွဲမည်၊ ရင်းနှီးမြှုပ်နှံမည်စသည်ဖြင့် နိုင်ငံတော် အဖွဲ့အစည်းများ၏ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို ငွေကြေးဖြင့် ပြုစုဖော်ပြသည့်စာရင်းဖြစ်သည်။

## ဘဏ္ဍာရေးနှစ် (Fiscal Year- FY)

နှစ်စဉ် ဧပြီလ(၁)ရက်မှ မတ်လ(၃၁)ရက်နေ့အထိ ဖြစ်သည်။

## မူလခန့်မှန်းခြေ Budget Estimate(BE)

ဘဏ္ဍာရေးနှစ်မတိုင်မီ(၆)လခန့်မှ စတင်၍ ကြိုတင်ခန့်မှန်းထားသော ရငွေ၊ သုံးငွေများစာရင်း ဖြစ်ပါသည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများဖြင့် အတည်ပြုပြဋ္ဌာန်းသည်။

## ဖြည့်စွက်ခွင့်ပြုငွေ Supplementary Grant(SG)

အသုံးစရိတ်တစ်ခုအတွက် မူလခွဲဝေချထားငွေဖြင့်မလုံလောက်၍ဖြစ်စေ၊ အခြားငွေစာရင်း ခေါင်းစဉ်တစ်ခုခုမှ လွှဲပြောင်းသုံးစွဲရန် ပိုလျှံငွေမရှိ၍ဖြစ်စေ သို့မဟုတ် အသုံးစရိတ်အသစ်တစ်ခုအတွက် မူလခွဲဝေချထားငွေလုံးဝမရှိ၍ဖြစ်စေ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် ထပ်မံသတ်မှတ်ပေးသည့်ရန်ပုံငွေကို ခေါ်ပါသည်။

## ပြုပြင်ပြီးခန့်မှန်းခြေ Revised Estimate(RE)

လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အသုံးစရိတ်ပိုင်းတွင် မူလခွင့်ပြုငွေအပြင် ဖြည့်စွက်ခွင့်ပြုငွေ ထပ်မံရရှိခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုရန်ပုံငွေများကို အမှန်တကယ်သုံးစွဲရာ၌ မသုံးစွဲဖြစ်သည့်အတွက် လျော့နည်းသွားသော ရန်ပုံငွေများကြောင့် လည်းကောင်း၊ ရငွေပိုင်းတွင် မူလလျာထားငွေထက် ပိုမိုရရှိခြင်း (သို့မဟုတ်) လျော့နည်းရရှိခြင်းတို့ကြောင်းလည်းကောင်း ပြုပြင်ပြောင်းလဲသွားသည့် ခန့်မှန်းခြေစာရင်း ဖြစ်ပါသည်။

### ယာယီအမှန်စာရင်း Temporary Actual(TA)

ဘဏ္ဍာရေးနှစ်အတွင်း လစဉ်၊ သုံးလပတ်၊ ခြောက်လပတ်နှင့် နှစ်ပတ်လည် ကာလအလိုက်ရရှိသည့် ရငွေများနှင့် ထုတ်ယူသုံးစွဲပြီးသည့် အသုံးစရိတ်များကို သက်ဆိုင်ရာ ငွေစာရင်းခေါင်းစဉ်အလိုက် ပြုစုထားသော စာရင်းဖြစ်ပါသည်။ စာရင်းစစ်ဆေးအတည်မပြုရသေးသည့်စာရင်းဖြစ်ပါသည်။

### ရှေ့ပြေးအမှန်စာရင်း Provisional Actual(PA)

ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း အတည်ပြုပြီးသည့်နောက်ပိုင်း လုပ်ငန်းလိုအပ်ချက်အရ အထွေထွေ ပိုလျှံရန်ပုံငွေ General Reserve Fund (GRF)နှင့် အရေးပေါ်ရန်ပုံငွေ (Reserve Fund)များမှ ထပ်မံခွင့်ပြုသည့် ရန်ပုံငွေများကြောင့်လည်းကောင်း၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးခါနီးတွင်မူလခွင့်ပြုငွေမှမသုံးစွဲဖြစ်၍ပိုလျှံငွေ ပြန်လည်အပ်နှံခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုငွေဘောင်အတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းကြောင့်လည်းကောင်းဖြစ်ပေါ်လာသည့် စာရင်းဖြစ်ပါသည်။

### အမှန်စာရင်း Actual(A)

ရှေ့ပြေးအမှန်စာရင်းဖြစ်ပေါ်ပြီးနောက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် အမှန်တကယ်ရရှိသည့်ငွေနှင့် အမှန်တကယ်သုံးစွဲပြီးသည့် အသုံးစရိတ်များကို ဘဏ်စာရင်းဖြင့် ကိုက်ညှိအတည်ပြုပြီးသော စာရင်းဖြစ်ပါသည်။ စာရင်းစစ်ဆေးအတည်ပြုပြီးသောစာရင်းဖြစ်ပါသည်။

# နှစ်လတ်ဘဏ္ဍာရေးမူဘောင်
# (Medium Term Fiscal Framework -MTFF)

ဘတ်ဂျက်ရေးဆွဲရာတွင် ယခင်နှစ်များ၏ ရငွေ၊သုံးငွေများကို အခြေခံရေးဆွဲခြင်းသာမက လာမည့်နှစ်များအတွက် ကြိုတင်ခန့်မှန်းခြင်းသည်လည်း အရေးကြီးပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနသည် လာမည့်ဘဏ္ဍာရေးနှစ် (၃)နှစ်အတွက် ရငွေနှင့်အသုံးစရိတ်များကို ခန့်မှန်းတွက်ချက်ရန် နှစ်လတ်ဘဏ္ဍာရေးမူဘောင် (MTFF) ကို ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်ကျင့်သုံးခဲ့ပါသည်။ ပြီးခဲ့သောဘဏ္ဍာရေးနှစ်၏ ရငွေ၊သုံးငွေများကိုအခြေခံပြီး လက်ရှိနှစ်အတွက် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ ချမှတ်ထားသောမူဝါဒများ၊ ဦးစားပေးအစီအစဉ်များနှင့်ချိတ်ဆက်၍ နှစ်လတ်ဘဏ္ဍာရေးမူဘောင် (MTFF) ကို ခန့်မှန်းရေးဆွဲပါသည်။

## ရည်ရွယ်ချက်

(က) ဘဏ္ဍာငွေအရအသုံးစာရင်းများတွင် မူလလျာထားချက်နှင့် အမှန်စာရင်းများ ကွာဟနေမှုကို ပိုမိုနီးစပ်စွာခန့်မှန်းနိုင်ရန်၊

(ခ) ရရှိနိုင်မည့် အရင်းအမြစ်စုစုပေါင်းပမာဏအား ကြိုတင်ခန့်မှန်းပြီး ၎င်းအပေါ် မူတည်၍ ဌာနအဖွဲ့အစည်းများသို့ အသုံးစရိတ်များအား ထိရောက်စွာ ခွဲဝေချထားပေးရန်၊

(ဂ) ဌာနအဖွဲ့အစည်းများသို့ အသုံးစရိတ်ဘောင်ချမှတ်ပေးခြင်းဖြင့် အရင်းအမြစ်ခွဲဝေမှုဆိုင်ရာမဟာဗျူဟာ (Strategic Resource Allocation) ပိုမိုတိုးတက်ကောင်းမွန်စေရန်၊

(ဃ) မူဝါဒအပေါ်အခြေခံ၍ ဘတ်ဂျက်ရေးဆွဲရာတွင် အောက်ခြေမှ အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ စီမံကိန်းရေးဆွဲတင်ပြခြင်းနှင့် အထက်မှအောက်သို့ ဘတ်ဂျက်ချမှတ်ပေးမှုအရ အဆင့်ဆင့်အကောင်အထည်ဖော်နိုင်ခြင်းတို့ကို ပေါင်းစပ်ကျင့်သုံးနိုင်ခြင်းဖြင့် နိုင်ငံတကာတွင် ကျင့်သုံးနေသည့်နည်းစနစ်များနှင့်အညီ ဖြစ်စေရန်။

ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေအတွက်ထောက်ပံ့ငွေပေးရာတွင် မူဝါဒကို အခြေခံ၍ ညွှန်ကိန်း(၆)ခုဖြင့် တွက်ချက်ကာ ထောက်ပံ့ပေးပါသည်။ အဆိုပါညွှန်ကိန်းများမှာ -

(က) ဖွံ့ဖြိုးမှုလိုအပ်ချက်အတွက် (၃)ခု

(၁) စုစုပေါင်းလူဦးရေ

(Total Population)

(၂) ဆင်းရဲမှုညွှန်ကိန်း

(Poverty Index)

(၃) မြေဧရိယာအကျယ်အဝန်း

(Area)

(ခ) ဘဏ္ဍာရေးအကန့်အသတ်အတွက် (၃)ခု

(၁) တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေတွင် မြို့ပြလူဦးရေ ပါဝင်မှုအချိုး

(Urban Population as Percent of Total State Population)

(၂) တစ်ဦးကျအခွန်ကောက်ခံမှု

(Per Capita Tax Collection)

(၃) လူတစ်ဦးစီ၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး

(Per Capita GDP)

## ရသုံးခန့်မှန်းခြေငွေစာရင်း(Budget )ရေးဆွဲရာတွင် ဖြစ်ပေါ်နိုင်သည့် အခြေအနေ(၃)မျိုး

၁။ ရငွေသည် သုံးငွေထက် များပါက

ပိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း

(Surplus Budget)




၂။ သုံးငွေသည် ရငွေထက် များပါက

လိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း

(Deficit Budget)




၃။ ရငွေနှင့်သုံးငွေ ညီမျှပါက

ဘက်ညီရသုံးခန့်မှန်းခြေငွေစာရင်း

(Balanced Budget)




မြန်မာနိုင်ငံ၏ ရသုံးခန့်မှန်းခြေငွေစာရင်း (Budget)မှာ လိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း (Deficit Budget) ဖြစ်သည်။

## ဘတ်ဂျက်စက်ဝန်း(Budget Cycle)



## ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတင်သွင်းခြင်း

၁၉၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နှစ်စဉ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်၊

(ခ) ပုဒ်မခွဲ(က)ပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှရရှိသည့် ဘဏ္ဍာငွေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို သက်ဆိုင်ရာ ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က လိုအပ်သလိုဆွေးနွေး၍ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။
ယင်းသို့ဆောင်ရွက်ရာတွင်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီး အဖွဲ့ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်း များ၏ အသုံးစရိတ်များ၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သောကုန်ကျစရိတ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ချေးယူငွေများနှင့် ဆက်နွယ်သောကုန်ကျစရိတ်များ၊

(၄) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန် ရှိသော အသုံးစရိတ်များ၊

(၅) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေ တစ်ရပ်ရပ်အရ ကျခံရမည့် အခြားအသုံးစရိတ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရ။

၁၉၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေသုံးငွေလျာထားချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများ နှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်။

## မွန်ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာရေးဆွဲခြင်းနှင့် ဥပဒေအတည်ပြုခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စုအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးမည့် ဘောင်ကိုသတ်မှတ်၍ ဘတ်ဂျက်အဆိုပြု လျာထားချက်များ တောင်းခံသည်။

၂။ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ အဆိုပြုလျာထား ချက်များကို တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်များ၏ အတည်ပြုချက်ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့သည်။

၃။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ရောက်ရှိလာသောတိုင်းဒေသကြီး/ပြည်နယ်များ၏အဆိုပြုလျာထားချက်များကိုစီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပဏာမစိစစ်သည်။

၄။ လိုအပ်ချက်များကို စိစစ်ပြီးနောက် ဒုတိယသမ္မတထံ တင်ပြသည်။

၅။ ဒုတိယသမ္မတက စိစစ်အတည်ပြုပြီးနောက် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ လိုငွေအတွက် ဖြည့်ဆည်းပေးရမည့် ပမာဏနှင့် အထူးကိစ္စရပ်များအတွက် ထောက်ပံ့ပေးရမည့် ပမာဏ တို့ကို ဖော်ပြ၍ ဘဏ္ဍာရေးကော်မရှင်သို့တင်ပြသည်။

၆။ ဘဏ္ဍာရေးကော်မရှင်က အတည်ပြုထောက်ခံ၍ ပေးပို့သော တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ငွေပေးငွေများပါဝင်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသည့်အခါတိုင်းဒေသကြီး/ ပြည်နယ်ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ကတိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်သို့ တင်သွင်းသည်။

၇။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင်ဥပဒေနှင့်အညီဆွေးနွေးအတည်ပြုပြီးသည့်အခါတိုင်းဒေသကြီး/ ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုတိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်ကလက်မှတ်ရေးထိုး၍ ပြဋ္ဌာန်းသည်။

## နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ

၁။ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေး အရင်းအမြစ်များတိုးတက်ပွားများလာအောင်ဆောင်ရွက်ရန်၊

၂။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင် နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင် ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်၊

၃။ ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကိုဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကြောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊

၄။ လျှပ်စစ်ဓါတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစသည့်အခြေခံစီးပွားရေးအဆောက်အအုံများ လျင်မြန်စွာ တိုးတက်လာစေရေးကို ဦးစားပေး ဆောင်ရွက်ရန်နှင့် Data ID Card System ၊ Digital Government Strategy နှင့် e-Government System တို့ကိုထူထောင်သွားရန်၊

၅။ ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများ အားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်း မြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန်၊

၆။ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြင့်တင်နိုင်ရေးတို့အတွက် လယ်ယာ ကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့်စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊

၇။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်းမိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြားရေးဆွဲဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်၊

၈။ အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှု ရရှိလာစေရေးဆောင်ရွက်ရန်၊

၉။ သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေဖြစ်စေမည့်မြို့ပြများတည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုစောင့်ရှောက်ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်၊

၁၀။ နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီးမျှတသော အခွန်စနစ်ထူထောင်၍ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်၊

၁၁။ တီထွင်ဖန်တီးမှုစွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာတိုးတက်မှုများကို အားထုတ်ကြိုးပမ်း ဖြစ်ပေါ်နိုင်စေသည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက်အထောက်အပံ့ဖြစ်စေသော နည်းစနစ်များ ၊ လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်းဆောင်ရွက်ရန်၊

၁၂။ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားဒေသများအတွင်း၌လည်း တိုးတက်ပြောင်းလဲနိုင်ဖွယ်ရှိသော အခြေအနေများကိုဖော်ထုတ်၍ မိမိတို့၏စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်။

## ပြည်နယ်အစိုးရအဖွဲ့၏ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ

မွန်ပြည်နယ်အတွက် ဘတ်ဂျက်ရေးဆွဲရာတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂) ချက် ကို အထောက်အကူပြုစေရန်အတွက် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်၍ မူဝါဒကိုအခြေခံပြီး ( Policy Based Budgeting ) ဘတ်ဂျက်ရေးဆွဲခဲ့ပါသည်။ မွန်ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အတွင်း ဆောင်ရွက်မည့်မူဝါဒ လုပ်ငန်းစဉ်များမှာ-

၁။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊

၂။ လျှပ်စစ်မီးရရှိရေး၊

၃။ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊

၄။ အမှိုက်သိမ်းစနစ်ကောင်းမွန်စေရေး၊

၅။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊

၆။ စိုက်ပျိုးရေရရှိရေးနှင့် ရေကြီးနစ်မြုပ်မှုမှကာကွယ်ရေး၊

၇။ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊

၈။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊

၉။ သောက်သုံးရေဖူလုံစွာရရှိရေး၊

၁၀။ စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေး၊

၁၁။ အားကစားဖွံ့ဖြိုးတိုးတက်ရေး၊

၁၂။ ပြည်သူများအားအဆင့်မီပြီး တန်ဘိုးနည်းအိမ်ရာများ ရောင်းချပေးနိုင်ရေး၊

၁၃။ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးနိုင်ရေး၊

၁၄။ ဝန်ထမ်းများနေထိုင်ရေးအတွက်အိမ်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး။

## ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်
## မွန်ပြည်နယ်၏ အရအသုံးခန့်မှန်းခြေများ

| | |
|---|---|
| မွန်ပြည်နယ်၏စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) | ကျပ် ၃၅၉၃.၃၀၀ ဘီလီယံ |
| မွန်ပြည်နယ်၏ GDP တိုးတက်မှုနှုန်း | ၅.၃% |
| မွန်ပြည်နယ်၏စုစုပေါင်းရငွေခန့်မှန်းခြေ | ကျပ် ၁၄.၄၄၀ ဘီလီယံ |
| မွန်ပြည်နယ်၏ စုစုပေါင်းအသုံးစရိတ်ခန့်မှန်းခြေ | ကျပ် ၈၆.၃၂၇ ဘီလီယံ |
| လိုငွေ | ကျပ် ၇၁.၈၈၇ ဘီလီယံ |
| လိုငွေနှင့် GDP အချိုး | ၂.၀ % |
| အခွန်အကောက်ရငွေနှင့်အခွန်ဝေစု | ကျပ် ၇.၀၇၀ ဘီလီယံ |
| အခွန်အကောက်ရငွေ၊ အခွန်ဝေစုနှင့် GDP အချိုး | ၀.၂% |
| လူတစ်ဦးစီ၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(Per Capita GDP) | ကျပ် ၁,၇၈၈,၅၈၆ |
| ပြည်ထောင်စုမှလိုငွေဖြည့်ဆည်းပေးခြင်း | ကျပ် ၇၁.၈၈၇ ဘီလီယံ |

## မွန်ပြည်နယ်၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေစာရင်းများ

| စဉ် | အကြောင်းအရာ | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|
| ၁။ | အခွန်အကောက်ရငွေ | ၂၇၇၇.၅၂၄ |
| ၂။ | အခြားသာမန်ရငွေ | ၇၃၇၀.၀၆၁ |
| ၃။ | အခွန်ဝေစုရငွေ | ၄၂၉၂.၀၇၂ |
| | စုစုပေါင်းရငွေ | ၁၄၄၃၉.၆၅၇ |
| ၁။ | သာမန်အသုံးစရိတ် | ၂၉၉၂၉.၆၈၀ |
| ၂။ | ငွေလုံးငွေရင်းအသုံးစရိတ် | ၅၆၃၉၇.၃၈၄ |
| | စုစုပေါင်းသုံးငွေ | ၈၆၃၂၇.၀၆၄ |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏ အခွန်အကောက်ရငွေလျာထားချက်များ

ကျပ်သန်းပေါင်း

| စဉ် | အခွန်အမျိုးအစား | ကောက်ခံသည့် ဌာနအဖွဲ့အစည်း | ၂၀၁၇-၂၀၁၈ မူလခန့်မှန်းခြေ |
|---|---|---|---|
| ၁။ | ယစ်မျိုးခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၇၈၇.၅၅၁ |
| ၂။ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၁၁၄.၅၁၃ |
| ၃။ | ရေခွန် | ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး | ၅၉.၆၉၆ |
| ၄။ | တာတမံခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀.၆၂၇ |
| ၅။ | သစ်တောများမှပစ္စည်းများထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | သစ်တောဦးစီးဌာန | ၅၁.၈၅၆ |
| ၆။ | ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၃၇၈.၅၀၀ |
| ၇။ | အင်းအိုင်ခွန် | ငါးလုပ်ငန်းဦးစီးဌာန | ၆၉၈.၀၆၃ |
| ၈။ | ပစ္စည်းခွန် | စည်ပင်သာယာရေးအဖွဲ့ | ၆၀၁.၀၇၈ |
| ၉။ | ဘီးခွန် | စည်ပင်သာယာရေးအဖွဲ့ | ၈၅.၆၄၀ |
| | စုစုပေါင်း | | ၂၇၇၇.၅၂၄ |

## ပြည်ထောင်စုမှ မွန်ပြည်နယ်သို့ ဘဏ္ဍာရေးနှစ်အလိုက် ခွဲဝေပေးသည့် အခွန်ဝေစုများ

| စဉ် | ဘဏ္ဍာရေးနှစ် | ငွေရပ်(ကျပ်သန်းပေါင်း) |
|---|---|---|
| ၁။ | ၂၀၁၆-၂၀၁၇(မူလခန့်မှန်းခြေ) | ၃၇၈.၇၃၄ |
| ၂။ | ၂၀၁၇-၂၀၁၈(မူလခန့်မှန်းခြေ) | ၄၂၉၂.၀၇၂ |

## ပြည်ထောင်စုမှ မွန်ပြည်နယ်သို့ ဘဏ္ဍာရေးနှစ်အလိုက် ထောက်ပံ့ငွေများ

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၅-၂၀၁၆ (မူလခန့်မှန်းခြေ) | ၂၀၁၆-၂၀၁၇ (မူလခန့်မှန်းခြေ) | ၂၀၁၇-၂၀၁၈ (မူလခန့်မှန်းခြေ) |
|---|---|---|---|---|
| ၁။ | ပြည်ထောင်စုမှထောက်ပံ့ငွေ | ၆၇၀၆၁.၄၀၉ | ၇၀၉၆၇.၀၀၀ | ၇၁၈၈၇.၄၀၇ |

## မွန်ပြည်နယ်၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စုစုပေါင်းအသုံးစရိတ်ပေါ်တွင် ပြည်နယ်အဆင့် အဖွဲ့အစည်းများသို့ ခွဲဝေပေးထားသည့် အသုံးစရိတ်ရာခိုင်နှုန်း

| စဉ် | ဌာန/အဖွဲ့အစည်း | အသုံးစရိတ် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ၁၉၅၀၄.၅၇၅ | ၂၂.၅၉% |
| ၂ | ပြည်နယ်လွှတ်တော် | ၄၂၁.၉၁၀ | ၀.၄၉% |
| ၃ | ပြည်နယ်တရားလွှတ်တော် | ၅၆.၅၀၀ | ၀.၀၇% |
| ၄ | ပြည်နယ်ဥပဒေချုပ် | ၃၁၂.၄၆၆ | ၀.၃၆% |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ၇၈၆.၁၆၈ | ၀.၉၁% |
| ၆ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၄၃၉၇.၄၉၁ | ၅.၀၉% |
| ၇ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၅၁၄.၀၅၁ | ၀.၆၀% |
| ၈ | မီးသတ်ဦးစီးဌာန | ၂၁၄၂.၇၅၂ | ၂.၄၈% |
| ၉ | စိုက်ပျိုးရေးဦးစီးဌာန | ၁၆၁၈.၆၆၄ | ၁.၈၈% |
| ၁၀ | ငါးလုပ်ငန်းဦးစီးဌာန | ၃၁၉.၈၅၂ | ၀.၃၇% |
| ၁၁ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၂၉၂.၅၅၆ | ၀.၃၄% |
| ၁၂ | သမဝါယမဦးစီးဌာန | ၅၉၁.၁၀၀ | ၀.၆၈% |
| ၁၃ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၁၂၇.၄၆၄ | ၀.၁၅% |
| ၁၄ | သစ်တောဦးစီးဌာန | ၇၉၀.၉၅၀ | ၀.၉၂% |
| ၁၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၄၅၁.၃၀၉ | ၀.၅၂% |
| ၁၆ | သတ္တုတွင်းဦးစီးဌာန | ၅၃.၆၂၁ | ၀.၀၆% |
| ၁၇ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၇၄၇၄.၂၂၉ | ၈.၆၆% |
| ၁၈ | အားကစားနှင့်ကာယပညာဦးစီးဌာန | ၁၇၇၄.၈၉၄ | ၂.၀၆% |
| ၁၉ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၄၅၂.၁၃၃ | ၀.၅၂% |
| ၂၀ | ဗဟိုစာရင်းအင်းအဖွဲ့ | ၁၉၃.၉၂၄ | ၀.၂၂% |
| ၂၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၃၆၅.၇၀၁ | ၀.၄၂% |
| ၂၂ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၁၇၈၅.၈၃၇ | ၂.၀၇% |
| ၂၃ | လမ်းဦးစီးဌာန | ၂၂၉၆၈.၂၇၆ | ၂၆.၆၁% |
| ၂၄ | ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး | ၂၂.၈၂၈ | ၀.၀၃% |
| ၂၅ | စည်ပင်သာယာရေးအဖွဲ့များ | ၁၈၉၀၇.၈၁၃ | ၂၁.၉၁% |
| | စုစုပေါင်း | ၈၆၃၂၇.၀၆၄ | ၁၀၀.၀၀% |

# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်တို့ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ

## လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး

### စည်ပင်သာယာရေးအဖွဲ့များ (ကောက်နုတ်ချက်)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁ | မော်လမြိုင် | မော်လမြိုင်မြို့တွင် လမ်း(၄၀)လမ်းအား ကွန်ကရစ်လမ်းသစ်ခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာတင်ခြင်း၊ လမ်းသားတိုးချဲ့ခြင်းနှင့် ပျက်စီးနေသောအပိုင်းများအားကတ္တရာထပ်ပိုးလွှာတင်ရန် | ၃၀၄၂.၃၉၇ |
| ၂ | သထုံ | သထုံမြို့တွင် လမ်း(၂၇)လမ်းအား ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာတင်ခြင်း၊ လမ်းသားတိုးချဲ့ရန် | ၅၇၁.၃၇၅ |
| ၃ | မုဒုံ | မုဒုံမြို့တွင် လမ်း(၃၁)လမ်းအား ကွန်ကရစ်ခင်းခြင်း၊ ကတ္တရာခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းရန်၊ လမ်းများတိုးချဲ့ရန် | ၅၈၄.၂၅၇ |
| ၄ | ကျိုက်ထို | ကျိုက်ထိုမြို့တွင် လမ်း(၄၃)လမ်းအား ကွန်ကရစ်ခင်းရန်၊ ကတ္တရာခင်းရန်၊ ကတ္တရာထပ်ပိုးလွှာခင်းရန်၊ လမ်းများတိုးချဲ့ရန် | ၇၀၆.၅၈၀ |
| ၅ | သံဖြူဇရပ် | သံဖြူဇရပ်မြို့တွင်လမ်း(၃၅)လမ်းအားကွန်ကရစ်ခင်းခြင်း၊ကတ္တရာလမ်းသစ်ခင်းရန်၊ထပ်ပိုးလွှာခင်းရန်၊ကတ္တရာလမ်းချဲ့ခင်းရန် | ၈၂၇.၈၈၁ |
| ၆ | ရေး | ရေးမြို့တွင် လမ်း(၂၆)လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းရန်၊ လမ်းတိုးချဲ့ရန်၊ ကတ္တရာလမ်းသစ်ခင်းရန် | ၃၇၈.၅၀၀ |
| ၇ | ကျိုက်မရော | ကျိုက်မရောမြို့တွင် လမ်း(၂၃)လမ်းအား ကွန်ကရစ်ခင်းရန်၊ ကတ္တရာထပ်ပိုးလွှာခင်းရန်နှင့်ကျောက်ရော မြေခင်းရန် | ၂၃၈.၃၄၈ |
| ၈ | ချောင်းဆုံ | ချောင်းဆုံမြို့တွင်လမ်း(၁၃)လမ်းအားကွန်ကရစ်ခင်းခြင်း၊ ကတ္တရာခင်းရန်၊ကတ္တရာထပ်ပိုးလွှာခင်းရန်နှင့်ကျောက်ချော ခင်းရန် | ၁၆၇.၇၄၀ |
| ၉ | ပေါင် | ပေါင်မြို့တွင် လမ်း(၂၂)လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းရန်၊ ကတ္တရာလမ်းသစ်ခင်းရန်လမ်းများတိုးချဲ့ရန် | ၂၈၅.၇၅၀ |
| ၁၀ | ဘီးလင်း | ဘီးလင်းမြို့တွင် လမ်း(၂၉)လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းရန်၊ကတ္တရာလမ်းသစ်ခင်းရန်၊ကွန်ကရစ်လမ်းသစ်ခင်းရန်နှင့် ကျောက် ချောလမ်းခင်းရန် | ၄၃၈.၁၇၀ |
| ၁၁ | လမိုင်း | လမိုင်းမြို့တွင်လမ်း(၁၁)လမ်းအားကတ္တရာထပ်ပိုးလွှာခင်းရန်၊ ကတ္တရာလမ်းသစ်ခင်းရန် | ၁၂၆.၅၁၀ |
| | | စုစုပေါင်း | ၇၃၆၇.၅၀၈ |

## ပြည်နယ် လမ်းဦးစီးဌာနမှဆောင်ရွက်မည့်လမ်းများ







## ပြည်နယ် လမ်းဦးစီးဌာန(ကောက်နုတ်ချက်)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁ | မော်လမြိုင် | ၁။ မော်လမြိုင် - မြို့ပတ်လမ်းတွင် အနိမ့်အမြင့် မညီမညာသော အပိုင်းများအားဖြေညှိ၍ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာတင်ရန် | ၇၀၀.၀၀၀ |
| | | ၂။ မော်လမြိုင်-ကျိုက္ခမီရေလမ်း ကတ္တရာ ရေပိတ်လွှာလောင်းခြင်း | ၁၆၀.၀၀၀ |
| ၂ | သံဖြူဇရပ် | ၁။ ရန်ကုန် - မြိတ်လမ်းတွင် လမ်းအနိမ့်အမြင့် မညီမညာသော အပိုင်းများအား ဖြေညှိ၍ ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာတင် ခြင်း နှင့် ကွန်ကရစ်လမ်းပုခုံးခင်းရန် | ၄၁၆၅.၀၀၀ |
| | | ၂။ သံဖြူဇရပ် - ကျိုက္ခမီလမ်းတွင် အနိမ့်အမြင့် မညီမညာသော အပိုင်းများအားဖြေညှိ၍ ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာတင် ခြင်း နှင့် ကွန်ကရစ်လမ်းပုခုံးခင်းရန် | ၂၈၃.၀၀၀ |
| ၃ | ကျိုက်ထို | ၁။ ကျိုက်ထို-ကင်မွန်းစခန်းလမ်းတွင်ကတ္တရာကွန်ကရစ်လမ်းချဲ့ ခြင်းနှင့်ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာတင်ရန် | ၃၁၀၂.၀၀၀ |
| | | ၂။ သဲဖြူချောင်း-တောင်စွန်းလမ်းတွင်ကတ္တရာလမ်းချဲ့ခင်းရန် | ၁၂၉.၀၀၀ |
| | | ၃။ သိမ်ဇရပ်-ဝင်းကံလမ်းတွင် ကတ္တရာလမ်းသစ်ခင်းရန် | ၁၄၀၀.၀၀၀ |
| ၄ | ဘီးလင်း | ၁။ နတ်ကြီး-မဲနသန်-မြစ်ကျိုးလမ်းတွင်လမ်းတာဘောင်အကျယ် ရရှိရန် ဖို့မြေဖြတ်မြေလုပ်ငန်းဆောင်ရွက်ခြင်းနှင့် တောင်နံရံ မြင့်မားလွန်းသောနေရာများတွင်မြေပြိုမကျစေရန်အဆင့်ဆင့် ဖြတ်မြေလုပ်ငန်းဆောင်ရွက်ရန် | ၈၇၈.၅၀၀ |
| | | ၂။ နတ်ကြီး - မဲနသန် - မြစ်ကျိုးလမ်းပေါ်တွင် သံကူကွန်ကရစ် တံတား (၈)စင်းတည်ဆောက်ရန် | ၄၈၈.၀၀၀ |
| | | ၃။ ဘီးလင်း-ဇုတ်သုတ်-ဝင်းက- ယက္ကန်းသည်မ- ကျိုက်ထိုလမ်း ပေါ်တွင် သံကူကွန်ကရစ် တံတား(၄)စင်းတည်ဆောက်ရန် | ၇၂၀.၀၀၀ |
| ၅ | သထုံ | သိမ်ဆိပ်- ဝီယော်- လေးကေလမ်းတွင် ကတ္တရာလမ်းချဲ့ခြင်းနှင့် လမ်းမျက်နှာပြင်ဖြေညှိ၍ကတ္တရာရေပိတ်လွှာဒုတိယထပ်လောင်း ခြင်း လုပ်ငန်းဆောင်ရွက်ရန် | ၁၅၈၀.၀၀၀ |
| ၆ | ပေါင် | မုတ္တမ - သဲအိမ်လမ်း ကတ္တရာလမ်းသစ်ခင်းရန်၊ ကတ္တရာရေပိတ် လွှာ လောင်းရန် | ၉၃၁.၅၀၀ |
| | | စုစုပေါင်း | ၁၄၅၃၇.၀၀၀ |

## လျှပ်စစ်မီးရရှိရေး

### ပြည်နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း(ကောက်နုတ်ချက်)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ်<br>(ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁ | မော်လမြိုင် | မော်လမြိုင်မြို့တွင် ထရန်စဖော်မာ (၂၃)လုံးနှင့် ၁၀ ကေဗီအေ ခွဲရုံအသစ် Structure Foundation ပြုလုပ်ခြင်း၊ ဆွေးမြေ့သစ်သားတိုင်၊ တန်း၊ ကြိုးများအား စံချိန်မီ ကွန်ကရစ်တိုင်၊ သံလက်တန်း၊ကြွေသီးများဖြင့်ပြုပြင်တည်ဆောက်ခြင်းနှင့် ပြင်ဆင် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်၊ | ၃၃၁၄.၉၆၈ |
| ၂ | သထုံ | ထရန်စဖော်မာ(၉)လုံး ဝယ်ယူခြင်း၊ Pin Insulator များ ဝယ်ယူခြင်းနှင့် လိုအပ်သည့်ပစ္စည်းများဝယ်ယူတပ်ဆင်ရန်၊ | ၆၇၃.၄၆၄ |
| ၃ | မုဒုံ | ထရန်စဖော်မာ (၁၂)လုံးတပ်ဆင်ခြင်းနှင့် ဆွေးမြေ့သစ်သားတိုင်၊ တန်း၊ ကြိုးများအား စံချိန်မီကွန်ကရစ်တိုင်၊ သံလက်တန်း၊ ကြွေသီးများဖြင့် ပြုပြင်တည်ဆောက်ခြင်းနှင့်ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ရန်၊ | ၅၇၄.၄၁၄ |
| ၄ | ကျိုက်ထို | ထရန်စဖော်မာ (၃)လုံး တပ်ဆင်ခြင်းနှင့် ဆွေးမြေ့သစ်သားတိုင်၊ တန်း၊ ကြိုးများအား စံချိန်မီကွန်ကရစ်တိုင်၊ သံလက်တန်း၊ ကြွေသီးများဖြင့် ပြုပြင်တည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ရန်၊ | ၄၇၁.၆၃၄ |
| ၅ | သံဖြူဇရပ် | ထရန်စဖော်မာ(၉)လုံး တပ်ဆင်ခြင်းနှင့်ဓါတ်အားလိုင်းတိုးချဲ့ခြင်း၊ ဆွေးမြေ့သစ်သားတိုင်၊တန်း၊ ကြိုးများအားစံချိန်မီ ကွန်ကရစ်တိုင်၊ သံလက်တန်း၊ ကြွေသီးများဖြင့်ပြုပြင်တည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ | ၄၄၅.၈၉၀ |
| ၆ | ရေး | ဆွေးမြေ့သစ်သားတိုင်များအားကွန်ကရစ်တိုင်နှင့်သံလက်တန်းများဖြင့် အစားထိုးလဲလှယ်ခြင်းဆောင်ရွက်ရန်၊ | ၁၂.၅၆၈ |
| ၇ | ကျိုက်မရော | ထရန်စဖော်မာ (၃)လုံး တပ်ဆင်ခြင်းနှင့် ဓါတ်အားလိုင်းတိုးချဲ့ခြင်း၊ဆွေးမြေ့သစ်သားတိုင်၊ တန်း၊ ကြိုးများအားစံချိန်မီကွန်ကရစ်တိုင်၊သံလက်တန်း၊ ကြွေသီးများဖြင့် ပြုပြင်တည်ဆောက်ခြင်းနှင့်ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ရန်၊ | ၂၂၂.၂၈၆ |

## လျှပ်စစ်မီးရရှိရေး

### ပြည်နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း(ကောက်နုတ်ချက်)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၈ | ချောင်းဆုံ | ထရန်စဖော်မာ(၃)လုံး တိုးချဲ့တည်ဆောက်ရန်နှင့် ကွန်ကရစ်တိုင် သံလက်တန်းဖြင့်တိုးချဲ့တည်ဆောက်ရန် | ၅၀.၃၆၅ |
| ၉ | ပေါင် | ထရန်စဖော်မာ (၂၁)လုံး တပ်ဆင်ခြင်းနှင့် ဆွေးမြေ့သစ်သားတိုင်များအားကွန်ကရစ်တိုင်၊ သံလက်တန်းများဖြင့်အစားထိုးလဲလှယ်ရန်၊ ထရန်စဖော်မာများတွင်ဆက်စပ်ပစ္စည်းများ ထပ်မံတပ်ဆင်ခြင်း နှင့်အစားထိုးတပ်ဆင်ရန် | ၅၂၉.၄၂၈ |
| ၁၀ | ဘီးလင်း | ထရန်စဖော်မာ (၂)လုံးနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်းနှင့် အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းများ၊ ဆွေးမြေ့သစ်သားတိုင်၊ တန်း၊ ကြိုးများအားစံချိန်မီ ကွန်ကရစ်တိုင်သံလက်တန်းများဖြင့် ပြုပြင်တည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် | ၂၂၆.၂၀၂ |
| ၁၁ | တောင်စွန်း | ဓါတ်အားခွဲရုံအသစ် (၁)ရုံတည်ဆောက်ရန်နှင့် ဆက်စပ်ပစ္စည်းများထပ်မံတပ်ဆင်ခြင်းနှင့် အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းများ၊ ဆွေးမြေ့သစ်သားတိုင်၊ တန်း၊ ကြိုးများအား စံချိန်မီကွန်ကရစ်တိုင်၊ သံလက်တန်းများဖြင့် ပြုပြင်တည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် | ၉၅၃.၀၁၀ |
| | | စုစုပေါင်း | ၇၄၇၄.၂၂၉ |

## မြို့ပြဖွံ့ဖြိုးတိုးတက်ရေး

### စည်ပင်သာယာရေးအဖွဲ့များ(ကောက်နုတ်ချက်)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁ | မော်လမြိုင် | ၁။လှိုင်-ဘဲကုန်းဈေးတည်ဆောက်ရန် | ၂၆၇.၈၄၀ |
| | | ၂။ဒိုင်းဝန်ကွင်းဈေး အဆင့်မြှင့်တည်ဆောက်ရန် | ၁၈၂၉.၂၈၀ |
| | | ၃။ကျောက်တန်းစက်မှုဇုန်တွင် သံလွင်ငါးဈေးတည်ဆောက်ရန် | ၅၈၅.၀၀၀ |
| | | ၄။မြို့တွင်းပလပ်ဖောင်းများ၊ ရေမြောင်းများ၊ လမ်းလယ်မျဉ်းများ၊ ဘေးမျဉ်းများ၊အုတ်ရေမြောင်းများတည်ဆောက်ပြုပြင်ခြင်း | ၁၀၃.၆၃၀ |
| | | ၅။မီးပွိုင့်များတပ်ဆင်ခြင်းနှင့် မီးတိုင်များအား LED မီးလုံးများ တပ်ဆင်ခြင်း | ၁၅.၀၀၀ |
| | | ၆။သံလွင်ဥယျာဉ်အတွင်း အလှမီးများတပ်ဆင်ခြင်း | ၁၀.၀၀၀ |
| ၂ | သထုံ | ၁။ပေါ်တော်မူဈေး Aရုံ နှင့် Bရုံ ဆောက်လုပ်ရန် | ၃၉.၂၀၀ |
| | | ၂။မြို့တွင်းအုတ်ရေမြောင်းနှင့်ပလပ်ဖောင်းများပြုလုပ်ခြင်း | ၅၄.၀၀၀ |
| ၃ | မုဒုံ | မြို့တွင်းရေမြောင်းများပြုလုပ်ခြင်းနှင့်မြောင်းများဆယ်ခြင်း | ၃၅.၃၃၂ |
| ၄ | ကျိုက်ထို | တောင်သူစုရပ်ကွက်ပင်မရေမြောင်းကျောက်စီနံရံပြုလုပ်ခြင်း | ၅၀.၀၀၀ |
| ၅ | ဘီးလင်း | ၁။မင်္ဂလာဈေးအတွင်းပျံကျဈေးရုံ(၆)ရုံဆောက်လုပ်ရန် | ၄၂.၆၀၀ |
| | | ၂။တောင်စွန်းတွင်ရေမြောင်းပြုလုပ်ခြင်း | ၆၅.၃၀၀ |
| | | ၃။သော်ကလမ်းတွင် ရေမြောင်းကျောက်နံရံစီခြင်း | ၂၉.၃၇၀ |
| ၆ | သံဖြူဇရပ် | ကျိုက္ခမီမြို့ပျံကျဈေးရုံတည်ဆောက်ရန် | ၄၈.၀၀၀ |
| | | စုစုပေါင်း | ၃၁၇၄.၅၅၂ |

# အမှိုက်သိမ်းစနစ်ကောင်းမွန်စေရေး

## စည်ပင်သာယာရေးအဖွဲ့များ(ကောက်နုတ်ချက်)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁ | မော်လမြိုင် | မြို့နယ်တိုင်းတွင် အမှိုက်စနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက်ကင်းစင်ရေးအတွက်အလုံပိတ်အမှိုက်သိမ်းယာဉ်(၂၀)စီးဝယ်ယူရန် | ၉၀၀.၀၀၀ |
| ၂ | မုဒုံ | အမှိုက်စွန့်ပစ်ရန်မြေနေရာဝယ်ယူခြင်း | ၂၀.၀၀၀ |
| ၃ | ချောင်းဆုံ | အမှိုက်ကန်မြေနေရာဝယ်ယူခြင်း | ၃၁.၅၀၀ |
| ၄ | ပေါင် | အမှိုက်စွန့်ပစ်ရန်မြေနေရာဝယ်ယူခြင်း | ၂၀.၀၀၀ |
| | | စုစုပေါင်း | ၉၇၁.၅၀၀ |





## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး

ကျေးလက်နေပြည်သူများ၏ လူမှုရေး၊စီးပွားရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ပြီး သွားလာရေးလွယ်ကူစေရန်အတွက် လိုအပ်သည့်လမ်းတံတားများ၊ ဆည်မြောင်းတာတမံများ၊ ရေရရှိရေး လုပ်ငန်းများ၊ လျှပ်စစ်ရရှိရေးလုပ်ငန်းများနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြို့နယ် (၁၀)မြို့နယ်အတွက် ကျပ် (၅) ဘီလီယံ သုံးစွဲသွားမည်ဖြစ်ပါသည်။









## စိုက်ပျိုးရေ ရရှိရေးနှင့်ရေကြီးနစ်မြုပ်မှုမှကာကွယ်ရေး

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁ | မော်လမြိုင် | ချောင်း(၆)ချောင်းပြန်လည်တူးဖော်ခြင်း၊ ရေငန်တား တာတမံ တပ်ဆင်ခြင်း၊ ရွှေနတ်တောင်တွင် Weir Slide Gate တပ်ဆင်ခြင်းနှင့် ဆည်မြောင်းလုပ်ငန်းများ ထိန်းသိမ်းဆောင်ရွက်ခြင်း၊ | ၁၅၈.၆၀၀ |
| ၂ | သထုံ | ချောင်း(၂)ချောင်း ပြန်လည်တူးဖော်ခြင်း ၊ ရေနုတ်မြောင်း(၃)ခုတူးဖော်ခြင်း၊ ရေထိန်းတံခါး ရေတံခါးရွက်များလဲလှယ်တပ်ဆင်ခြင်း၊ ရေတား တာတမံနှင့် ရေငန်နုန်းများပြုပြင်ဆောင်ရွက်ခြင်း | ၅၈၃.၆၀၀ |
| ၃ | မုဒုံ | ချောင်း(၄)ခု ပြန်လည်တူးဖော်ခြင်း၊ လယ်သမားတာများ ပြုပြင်ခြင်း၊ တူးမြောင်းရေတံခါးတည်ဆောက်ခြင်းနှင့် ဆည်မြောင်းများ ထိန်းသိမ်းဆောင်ရွက်ခြင်း | ၅၀၀.၇၈၇ |
| ၄ | ကျိုက်ထို | ရေနုတ်မြောင်း (၅)ခု ပြုပြင်ခြင်းနှင့် ဆည်မြောင်းများ ထိန်းသိမ်းဆောင်ရွက်ခြင်း | ၁၁၃.၈၅၀ |
| ၅ | သံဖြူဇရပ် | ချောင်း(၆)ချောင်း ပြန်လည်တူးဖော်ခြင်း၊ အင်းပြန်လည်တူးဖော်ခြင်း၊ ရေတံခါးတည်ဆောက်ခြင်းနှင့် ဆည်မြောင်းများထိန်းသိမ်းဆောင်ရွက်ခြင်း | ၅၂၁.၂၅၀ |
| ၆ | ရေး | ရေငန်တားတမံပြုပြင်ခြင်း၊ ရေထုတ်ပေါက်(၂)လုံး တည်ဆောက်ခြင်း နှင့် အခြားဆည်မြောင်းများ ထိန်းသိမ်းဆောင်ရွက်ခြင်း | ၂၁၁.၆၀၀ |
| ၇ | ကျိုက်မရော | ချောင်း(၂)ချောင်း ပြန်လည်တူးဖော်ခြင်း၊ ရေထိန်းတံခါးတည်ဆောက် ခြင်းနှင့် ဆည်မြောင်းများ ထိန်းသိမ်းဆောင်ရွက်ခြင်း | ၅၂၀.၂၆၃ |
| ၈ | ချောင်းဆုံ | ချောင်း(၈)ချောင်း ပြန်လည်တူးဖော်ခြင်း ၊ ရေထုတ်ပေါက်(၁)လုံး တည်ဆောက်ခြင်း၊ လယ်သမားတာပြင်ဆင်ခြင်းနှင့် အခြားဆည်မြောင်းများ ထိန်းသိမ်းဆောင်ရွက်ခြင်း | ၄၄၈.၇၀၀ |
| ၉ | ပေါင် | ချောင်း(၃)ချောင်း ပြန်လည်တူးဖော်ခြင်း၊ ကမ်းပြိုကာကွယ်ရေး၊ ရေထိန်းအဆောက်အဦဆောက်လုပ်ခြင်းနှင့်အခြားဆည်မြောင်းများ ထိန်းသိမ်းဆောင်ရွက်ခြင်း | ၆၇၅.၄၀၀ |
| ၁၀ | ဘီးလင်း | ချောင်း(၁)ချောင်းတူးဖော်ခြင်း၊ရေနုတ်မြောင်း(၅)ခုပြန်လည်တူးဖော်ခြင်းနှင့် အခြားဆည်မြောင်းများ ထိန်းသိမ်းဆောင်ရွက် ခြင်း | ၂၆၄.၃၅၀ |
| | | စုစုပေါင်း | ၃၉၉၈.၄၀၀ |

## သဘာဝဘေးအန္တရာယ်ကာကွယ်ရေး

### ပြည်နယ်အစိုးရအဖွဲ့ (ကောက်နုတ်ချက်)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁ | မော်လမြိုင် | ကော့တွန်ကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ရန် | ၁၂၁.၈၀၀ |
| ၂ | ကျိုက်ထို | စစ်တောင်းတံတားကမ်းပြိုကာကွယ်ရေးလုပ်ငန်း(ပထမအဆင့်) ဆောင်ရွက်ရန် | ၇၀၀.၀၀၀ |
| ၃ | ရေး | ရေးမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ရန် | ၂၈၀.၀၀၀ |
| ၄ | ပေါင် | အဟောက်ချောင်းတံတား ကမ်းပြိုကာကွယ်ရေး လုပ်ငန်း ဆောင်ရွက်ရန် | ၇၂.၅၄၇ |
| ၅ | ဘီးလင်း | နှင်းပုလဲကျေးရွာ မီးရထားတံတားအနီး ဘုန်းကြီးကျောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း | ၃၈၃.၅၀၀ |
| | | စုစုပေါင်း | ၁၅၅၇.၈၄၇ |

### မီးသတ်ဦးစီးဌာန (ကောက်နုတ်ချက်)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁ | မော်လမြိုင် | မြို့နယ်များအတွက် မီးဘေးအန္တရာယ်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အမြှုပ်မီးသတ်ယာဉ်(၁)စီး၊ ရေသယ်ယာဉ်(၃)စီး၊ မီးသတ်ယာဉ် (၂)စီးနှင့်မီးငြိမ်းသတ်ရန်အတွက် လိုအပ်သည့်ပစ္စည်းများဝယ်ယူရန် | ၃၁၃.၀၀၀ |
| ၃ | သထုံ | ကျိုက္ကော်(သိမ်ဆိပ်)နယ်မြေမီးသတ်စခန်း(၁)ခုတည်ဆောက်ရန် | ၁၂၃.၅၀၀ |
| ၄ | ရေး | တောင်ဘုံနယ်မြေမီးသတ်စခန်း(၁)ခုတည်ဆောက်ရန် | ၁၂၃.၅၀၀ |
| ၅ | ပေါင် | ပေါင်မြို့နယ်မီးသတ်စခန်း(၁)ခုတည်ဆောက်ရန် | ၁၅၅.၄၈၀ |
| ၆ | ဘီးလင်း | ဝင်းကနယ်မြေမီးသတ်စခန်း(၁)ခုတည်ဆောက်ရန် | ၁၀၃.၅၀၀ |
| | | စုစုပေါင်း | ၈၁၈.၉၈၀ |

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁ | မော်လမြိုင် | ၁။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရန်အတွက် လိုအပ်သည့် ပစ္စည်းများနှင့် လေထုအတွင်းရှိ ဓာတ်ငွေ့တိုင်းတာသည့် စက်ကိရိယာ များဝယ်ယူခြင်း၊ | ၇၄.၉၉၈ |
| | | ၂။ သစ်တောပြုန်းတီးမှုမှကာကွယ်ရန်အတွက်လူထုဖြန့်ပျိုးပင်များ ပျိုးအိတ်များဝယ်ယူခြင်း၊ | ၃.၉၆၈ |
| ၂ | သထုံ | သစ်တောပြုန်းတီးမှုမှကာကွယ်ရန်အတွက် ဒီရေတောများဆောင်ရွက်ခြင်း၊ လူထုဖြန့်ပျိုးပင်များ၊ ပျိုးအိတ်များဝယ်ယူ၍ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် | ၁.၀၅၇ |
| ၃ | ကျိုက်ထို | ကျိုက်ထီးရိုးဒေသစိမ်းလန်းစိုပြေရေးလုပ်ငန်းများဆောင်ရွက်ရန် | ၃.၅၅၀ |
| ၄ | ရေး | သစ်တောပြုန်းတီးမှုမှကာကွယ်ရန်အတွက် သစ်တောစိုက်ခင်းများဆောင်ရွက်ခြင်း၊ လူထုဖြန့်ပျိုးပင်များ၊ ပျိုးအိတ်များဝယ်ယူ၍ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် | ၁.၂၃၆ |
| ၅ | ကျိုက်မရော | သစ်တောပြုန်းတီးမှုမှကာကွယ်ရန်အတွက် လူထုဖြန့်ပျိုးပင်များ၊ ပျိုးအိတ်များဝယ်ယူ၍ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် | ၁.၂၂၈ |
| ၆ | မုဒုံ | သစ်တောပြုန်းတီးမှုမှကာကွယ်ရန်အတွက် လူထုဖြန့်ပျိုးပင်များ၊ ပျိုးအိတ်များဝယ်ယူ၍ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် | ၁.၀၈၄ |
| ၇ | သံဖြူဇရပ် | သစ်တောပြုန်းတီးမှုမှကာကွယ်ရန်အတွက် လူထုဖြန့်ပျိုးပင်များ၊ ပျိုးအိတ်များဝယ်ယူ၍ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် | ၀.၇၈၅ |
| ၈ | ရေး | သစ်တောပြုန်းတီးမှုမှကာကွယ်ရန်အတွက် လူထုဖြန့်ပျိုးပင်များ၊ ပျိုးအိတ်များဝယ်ယူ၍ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် | ၁.၂၃၇ |
| | | **စုစုပေါင်း** | **၈၉.၁၄၃** |

## သောက်သုံးရေဖူလုံစွာရရှိရေး

### စည်ပင်သာယာရေးအဖွဲ့များ(ကောက်နုတ်ချက်)

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁ | မော်လမြိုင် | ရေစက်ရေဆင်းတံတားပြုပြင်ခြင်း၊ ပိုက်လိုင်းလဲလှယ်ခြင်း၊ ပန့်များ ပြုပြင်ဆောင်ရွက်ခြင်း၊ အဝီစိတွင်းများ တူးဖော်ခြင်းနှင့် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူဆောင်ရွက်ရန် | ၁၂၇.၀၀၀ |
| ၂ | သထုံ | ရေလှောင်ကန်များပြုပြင်ဆေးကြောခြင်း၊ပိုက်များသွယ်တန်းခြင်းနှင့် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူဆောင်ရွက်ရန် | ၁၆၂.၇၀၀ |
| ၃ | ကျိုက်ထို | ဝန်ထမ်းအိမ်ရာအတွက်ဂါလန်(၁၆၀၀)ဆံ့ရေစင်တည်ဆောက်ခြင်း | ၈.၆၃၈ |
| ၄ | သံဖြူဇရပ် | ဂါလန်(၁၂၀၀)ဆံ့ ရေစင်တည်ဆောက်ခြင်း | ၂.၀၀၀ |
| ၅ | ရေး | ရေကန်များပြုပြင်ခြင်းနှင့်အများသုံးရေတွင်းများပြန်လည်ပြုပြင် ဆောင်ရွက်ခြင်း | ၄၇.၀၀၀ |
| ၆ | ကျိုက်မရော | ရေပေးဝေသော မြေသားကန်များပြန်လည်ပြုပြင်ခြင်း | ၁၇.၃၅၀ |
| ၇ | ချောင်းဆုံ | ရေစင်တည်ဆောက်ခြင်းနှင့် စက်ရေတွင်းတူးဖော်ခြင်း | ၁၇.၀၀၀ |
| ၈ | ပေါင် | ရေပိုက်လဲလှယ်ခြင်းနှင့်ရေလှောင်ကန်များပြန်လည်ပြုပြင်ခြင်း | ၅.၀၀၀ |
| ၉ | ဘီးလင်း | ရေစက်ရုံ(၁)ရုံတည်ဆောက်ခြင်း၊ရေစက်များတပ်ဆင်ခြင်းနှင့် ရေတွင်းများပြန်လည်ပြုပြင်ခြင်း | ၂.၉၅၀ |
| | | စုစုပေါင်း | ၃၈၉.၆၃၈ |

## စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေး

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁ | မော်လမြိုင် | ဧက(၃၀၀)အား စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ရေး လုပ်ငန်းများဆောင်ရွက်ရန် | ၅၇.၀၀၀ |
| ၂ | သထုံ | ဧက(၃၀၀)အား စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ရေး လုပ်ငန်းများဆောင်ရွက်ရန် | ၅၇.၀၀၀ |
| ၃ | ကျိုက်ထို | ဧက(၃၀၀)အား စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ရေး လုပ်ငန်းများဆောင်ရွက်ရန် | ၅၇.၀၀၀ |
| ၄ | ဘီးလင်း | ဧက(၆၀၀)အား စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ရေး လုပ်ငန်းများဆောင်ရွက်ရန် | ၁၁၄.၀၀၀ |
| | | စုစုပေါင်း | ၂၈၅.၀၀၀ |






## အားကစားဖွံ့ဖြိုးတိုးတက်ရေး

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ်(ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁ | မော်လမြိုင် | ရာမညဘောလုံးအားကစားကွင်းပြုပြင်ခြင်း | ၇၀.၀၀၀ |
| ၂ | ကျိုက်ထို | Aအဆင့်အားကစားရုံတည်ဆောက်ရန် | ၂၇၀.၀၀၀ |
| ၃ | ပေါင် | Aအဆင့်အားကစားရုံတည်ဆောက်ရန် | ၂၇၀.၀၀၀ |
| ၄ | ကျိုက်မရော | ဘောလုံးအားကစားကွင်းပွဲကြည့်စင်တည်ဆောက်ခြင်း | ၈၀.၀၀၀ |
| ၅ | ဘီးလင်း | ဘောလုံးအားကစားကွင်းတည်ဆောက်ရန် | ၁၈၀.၀၀၀ |
| ၆ | ချောင်းဆုံ | ဘောလုံးအားကစားကွင်းအဆင့်မြှင့်တင်ရန် | ၃၀.၀၀၀ |
| | | စုစုပေါင်း | ၉၀၀.၀၀၀ |



## ပြည်သူများအဆင့်မီပြီး တန်ဖိုးနည်းအိမ်ရာများရောင်းချပေးနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေး

မြို့ပြနေပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေးနှင့် မြို့ပြလူနေမှုစနစ် ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် တိုးပွားလာမည့် ပြည်သူများအား အိမ်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် အဆင့်အတန်းမီပြီး တန်ဖိုးလည်းနည်းသည့် အိမ်ရာများအား ဆောက်လုပ်ပြီး ရောင်းချနိုင်ရေးအတွက် ကျပ် (၅) ဘီလီယံ ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။



## ဝန်ထမ်းများနေထိုင်ရေးအတွက် အိမ်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး

| စဉ် | မြို့အမည် | အကြောင်းအရာ | ငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁ | မော်လမြိုင် | ဝန်ထမ်းအိမ်ရာ(၁၀)လုံးတည်ဆောက်ရန် | ၁၄၄၅.၉၅၄ |
| ၂ | သထုံ | ဝန်ထမ်းအိမ်ရာ(၇)လုံးတည်ဆောက်ရန် | ၆၆၄.၃၃၄ |
| ၃ | မုဒုံ | ဝန်ထမ်းအိမ်ရာ(၃)လုံးတည်ဆောက်ရန် | ၂၂၂.၉၈၀ |
| ၄ | ကျိုက်ထို | ဝန်ထမ်းအိမ်ရာ(၁)လုံးတည်ဆောက်ရန် | ၁၁၉.၆၀၀ |
| ၅ | ရေး | ဝန်ထမ်းအိမ်ရာ(၁)လုံးတည်ဆောက်ရန် | ၅၇.၅၀၀ |
| ၆ | ကျိုက်မရော | ဝန်ထမ်းအိမ်ရာ(၁)လုံးတည်ဆောက်ရန် | ၉၃.၀၀၀ |
| ၇ | ချောင်းဆုံ | ဝန်ထမ်းအိမ်ရာ(၄)လုံးတည်ဆောက်ရန် | ၃၈၅.၄၃၄ |
| ၈ | ပေါင် | ဝန်ထမ်းအိမ်ရာ(၁)လုံးတည်ဆောက်ရန် | ၁၁၉.၆၀၀ |
| | | စုစုပေါင်း | ၃၁၀၈.၄၀၂ |

ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| ဝန်ကြီး | စီမံကိန်း၊ဘဏ္ဍာရေး၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့ | ၀၅၇-၂၀၂၅၉၁၆<br>၀၉၄၅၉၀၀၅၀၁၀ |
| ညွှန်ကြားရေးမှူး | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ မွန်ပြည်နယ် | ၀၅၇-၂၀၂၅၈၇၆<br>၀၉၇၇၇၈၈၈၀၂၄ |

ဤစာအုပ်နှင့်ပတ်သက်၍ အကြံပြုလိုပါက အောက်ပါ e-mail လိပ်စာသို့ပေးပို့နိုင်ပါသည်-

email: monbudget2013@gmail.com




မွန်ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှထုတ်ဝေပါသည်။